## စက်မှုဝန်ကြီးဌာန၏

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဆောင်ရွက်ချက်များ

### စက်မှုဝန်ကြီးဌာနသမိုင်းကြောင်း

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအကြောင်း မတင်ပြမီ စက်မှုဝန်ကြီးဌာန ဖြစ်ပေါ်လာပုံ အားဦးစွာတင်ပြလိုပါသည်။ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ မူလက သီးခြားစီရပ်တည်နေသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့ကို စနစ်တကျ ပေါင်းစည်းပြီး (၂.၁၂.၂၀၁၁)ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏အမိန့်အမှတ် (၉၅/၂၀၁၁)ဖြင့် စက်မှုဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ၈ နှစ်အကြာတွင် စက်မှုဝန်ကြီးဌာန တစ်ခုတည်း သီးခြား ရပ်တည်ရန် အခက်အခဲရှိလာနိုင်သဖြင့် (၂၈.၁၁.၂၀၁၉)ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့် ကြော်ငြာစာအမှတ်(၁၂၃/၂၀၁၉)ဖြင့် စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို ထပ်မံပူးပေါင်း၍စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီလက်ထက် (၃.၅.၂၀၂၁)ရက်နေ့တွင် အမိန့်အမှတ် (၁၁၇/၂၀၂၁) ဖြင့် စက်မှု ဝန်ကြီးဌာနအဖြစ်လည်းကောင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးရုံး(၁)ခု၊ ဦးစီး ဌာန(၂)ခုနှင့် လုပ်ငန်း(၄)ခုဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏စီးပွားရေးမူဝါဒများနှင့်အညီ စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် စက်မှုဇုန်ဥပဒေ များရေးဆွဲပြဋ္ဌာန်းခြင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဓာတုပစ္စည်းနှင့်ဆက်စပ် ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများအရ လုပ်ငန်းများဆောင်ရွက် ခြင်း၊ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒ ရေးဆွဲပြီးဖြစ်၍ မော်တော်ယာဉ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဥပဒေများ ဆက်လက်ရေးဆွဲခြင်းများအပြင် Myanmar Sustainable Development Plan (MSDP)နှင့် Myanmar Investment Promotion Plan (MIPP) တို့နှင့်ချိတ်ဆက်၍လည်း စက်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုဝန်ကြီးဌာနအောက်ရှိဦးစီးဌာန(၂)ခုအနက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ အဓိက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများအနက်မှ သိမှတ်ဖွယ်ရာ ဆောင်ရွက်ချက် များကို အများပြည်သူသိရှိစေရန် ကောက်နုတ်ဖော်ပြအပ်ပါသည်။

### ဓာတုပစ္စည်းများ၏အကျိုးရှိအသုံးဝင်ပုံ

ဓာတုပစ္စည်းအများစုသည် နေရာများစွာတွင် အသုံးဝင်အကျိုးရှိသကဲ့သို့ သုံးတတ်လျှင်ဆေး ဖြစ်ပြီး မသုံးတတ်ပါက ဘေးအန္တရာယ်များစွာ ကြုံတွေ့ရနိုင်ပါသည်။ ဓာတုပစ္စည်းများသည် စီးပွားဖြစ်ထုတ်ကုန်ပစ္စည်းများအားလုံး၏ အချက်အချာအနေဖြင့်ရှိနေပြီး မိုးလင်းမှမိုးချုပ်အထိ မရှိမဖြစ် အသုံးပြုနေရသည့် နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်နေပါသည်။ အဓိကအား ဖြင့် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆေးဝါးပစ္စည်းများ၊ သိပ္ပံနှင့်သုတေသန လုပ်ငန်း များ၊ အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းစွန့်ပစ်သည့်နေရာများ၊ အိမ်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ကလေးကစားစရာပလတ်စတစ်အရုပ်များနှင့် စားသောက်ကုန်ပစ္စည်းများ တွင်လည်း ဓာတုပစ္စည်းများကို မရှိမဖြစ် အသုံးပြုနေရပြန်သည်။ သို့ရာတွင် လူနှင့်တိရစ္ဆာန် အပါအဝင် သက်ရှိအားလုံး၏ အသက်အန္တရာယ်ကို ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည့် ကျန်းမာရေး

ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်ပျက်စီးနိုင်သော ယင်းဓာတုပစ္စည်းများ၏ အကြောင်းကိုသိရှိသူမှာ များစွာနည်းပါးလျက်ရှိနေပါသည်။ ယနေ့အထိကမ္ဘာပေါ်တွင် စက်မှုကဏ္ဍ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ ဓာတုပစ္စည်းသုံးစွဲမှုများမှာလည်း အဆမတန် များပြား လာသဖြင့် ဓာတုပစ္စည်းထုတ်လုပ်မှုများလည်းတစ်ဟုန်ထိုးမြင့်တက်လာနေပါသည်။ လက်ရှိ၌ ကမ္ဘာ ပေါ်တွင် ဓာတုပစ္စည်းအရေအတွက် သန်းပေါင်း(၁၆၀)ကျော်ရှိနေပြီး လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာ ရရှိမှု သို့မဟုတ် ရောဂါဖြစ်ပွားမှုတို့ကြောင့် နှစ်စဉ်လူ(၁.၁)သန်းသည် သေဆုံးနေကာ ယင်း၏ လေးပုံ တစ်ပုံမှာ ဓာတုပစ္စည်းများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံ များစွာတွင် ဓာတုပစ္စည်းများစွာ ထုတ်လုပ်သုံးစွဲနေသကဲ့သို့ ဓာတုပစ္စည်း ဘေးအန္တရာယ်ကင်းရှင်း လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ပြန်၍ ဓာတုပစ္စည်းဘေး အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါသည်။

## ဓာတုပစ္စည်းမတော်တဆမှု

ထိုနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ဓာတုပစ္စည်းစီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေလုပ်ထုံးလုပ် နည်းများလိုအပ်နေသည်ဖြစ်ရာ စက်မှုဝန်ကြီးဌာနမှ ဦးဆောင်၍ သက်ရှိများ၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများကို အနည်းဆုံးဖြစ်စေရန်နှင့် မတော်တဆဖြစ်ပွား ပါကလည်း တားဆီးကာကွယ်နိုင်ရန်အတွက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတား ဆီးကာကွယ်ရေးဥပဒေကို ၂၀၀၉ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ပါသည်။ ဥပဒေရေးဆွဲဆဲကာလအတွင်း (၂၉.၁၂.၂၀၁၁)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ ကူးတို့ဆိပ်ရှိ လျှပ်စစ်ပစ္စည်းသိုလှောင်ရုံ မီးလောင်မှုမှတစ်ဆင့် ပရဆေးသိုလှောင်ရုံသို့ မီးကူးစက် လောင်ကျွမ်းမှုဖြစ်ပွားပြီး ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားခဲ့ရာတွင် မီးသတ်တပ်ဖွဲ့ဝင် (၅)ဦး အပါအဝင် ပတ်ဝန်းကျင်မှာနေထိုင်သူ အမျိုးသား(၁၁)ဦးနှင့် အမျိုးသမီး(၅)ဦးဖြင့် စုစုပေါင်း (၂၁)ဦး အသက်ဆုံးရှုံးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်(၄၄)ဦး အပါအဝင် အရပ်သားအမျိုးသား(၄၇)ဦးနှင့် အမျိုးသမီး (၁၈)ဦး ထိခိုက်ဒဏ်ရာရရှိသူစုစုပေါင်း (၁၀၉)ဦးရှိခဲ့ပါသည်။ အဆိုပါမီးလောင်ပေါက်ကွဲမှုဖြစ်စဉ်တွင် ပရဆေးဂိုထောင်၌ တန်ချိန်ပေါင်း (၅၈.၂၅)တန်ခန့်ရှိသောဇဝက်သာ၊ ယမ်းစိမ်း၊ အရောင်ချွတ်မှုန့်၊ ပိုတက်စီယမ်ကလိုရိဒ်၊ ဖော့စဖရပ်စ်၊ ဆေးသကြား၊ အမိုနီယမ်နိုက်ထရိတ် စသည်ဖြင့် ပရဆေး အမည်တပ်ထားသော ဓာတုပစ္စည်းများဖြစ်နေကြောင်း သိရှိရပါသည်။ (၂.၈.၂၀၁၂) ရက်နေ့တွင် ချောက်မြို့ရှိ စက်မှုဝန်ကြီးဌာနပိုင် Hydrogen Peroxide စက်ရုံတွင် နည်းပညာချို့ယွင်းချက်ကြောင့် မီးလောင်ပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ပြန်သည်။

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ

သို့ရာတွင် ထိုစဉ်ကနိုင်ငံတွင်း၌ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီး ကာကွယ်ရေးဥပဒေ မရှိသေးသည့်အတွက် စနစ်ကျသည့် ကာကွယ်ရေးများနှင့် အရေးယူ ဆောင်ရွက် ခြင်းများပြုလုပ်နိုင်ခြင်းမရှိသဖြင့် နိုင်ငံတော်အကြီးအကဲများက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေကို အမြန်ဆုံးပြီးစီးအောင် ရေးဆွဲဆောင်ရွက်ရန် ညွှန်ကြား လာသဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ (၂၆.၈.၂၀၁၃) ရက်နေ့တွင် ပြဋ္ဌာန်းထုတ်ပြန်နိုင်ခဲ့ပါသည်။ အဆိုပါဥပဒေကို ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများအား ဘေးအန္တရာယ် ဖြစ်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကို ထိခိုက်ပျက်စီးစေခြင်းမှကာကွယ်ရန်၊

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို စနစ်တကျသုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ရယူသောစနစ်ကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ဥပဒေအသက်ဝင်လာစေမည့်ကဏ္ဍအလိုက် လိုက်နာဆောင်ရွက်ရန်အချက်များ ပြည့်စုံစွာပါရှိသည့် ယင်း၏ နည်းဥပဒေများကိုလည်း (၃၀.၁.၂၀၁၆)ရက်နေ့တွင် အပြီးသတ်ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပါသည်။ အဆိုပါဥပဒေ၊ နည်းဥပဒေများအရ လိုအပ်သည့်အမိန့်၊ ညွှန်ကြားချက်များကို ဆက်လက်ထုတ်ပြန်၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်မှတားဆီးကာကွယ်ရေးလုပ်ငန်းများကို တတ်စွမ်းနိုင်သမျှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းဆိုသည်မှာ

ဤနေရာတွင် ဥပဒေတွင်ပါရှိသည့် ဓာတုပစ္စည်း၏ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဖော်ပြလိုပါသည်။ ဓာတုပစ္စည်းဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကိုသော်လည်းကောင်း၊ အသက်ကိုသော်လည်းကောင်းအန္တရာယ်ဖြစ်စေသည့် သို့မဟုတ် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် သဘာဝအရဖြစ်စေ၊ လူတို့ပြုလုပ်ဖန်တီးရာမှဖြစ်စေ၊ ထွက်ပေါ်လာသော ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှောများကိုဆိုလိုပြီး ယင်းတွင် ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှောများကို နည်းပညာအရ ဓာတ်ပြုပေါင်းစပ်ခြင်းဖြင့် ရရှိသောအခိုးအငွေ့၊ အရည်၊ အဆီနှင့် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများလည်း ပါဝင်ပါသည်။ ဆက်စပ်ပစ္စည်းဆိုသည်မှာလည်း ဓာတုပစ္စည်းမှထွက်ပေါ်လာသောအန္တရာယ်ဖြစ်စေသည့် ဆင့်ပွားပစ္စည်းများအားလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်မှတားဆီးကာကွယ်ရေးလုပ်ငန်းများ

ဓာတုပစ္စည်းနှင့်ပတ်သက်၍ စီးပွားဖြစ်လုပ်ငန်းလုပ်ကိုင်သူများအတွက် (၃၀.၄.၂၀၁၈) ရက်နေ့တွင် ဓာတုပစ္စည်းကိုဖြစ်စေ၊ ဆက်စပ်ပစ္စည်းကိုဖြစ်စေ၊ သိုလှောင်ခြင်း၊ နည်းပညာအရပြုပြင်ခြင်း ၊စီးပွားရေးအလို့ငှာထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ရောင်းချခြင်း သို့မဟုတ် စွန့်ပစ်ခြင်း စသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်လိုသူ လုပ်ငန်းရှင်များ အနေဖြင့် သက်ဆိုင်ရာလိုင်စင်နှင့် ဓာတုပစ္စည်းမှတ်ပုံတင်လက်မှတ်ကို မဖြစ်မနေ ပြုလုပ်ထားရန် ထုတ်ပြန်ထားပြီးမှသာ ပြည်ပမှတင်သွင်းမည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ကို ရရှိနိုင်မည်ဖြစ်သည်။ ဗဟိုဦးစီးအဖွဲ့မှ လိုင်စင်နှင့်မှတ်ပုံတင်လက်မှတ်တို့၏ သက်တမ်းကို (၂)နှစ်အထိ သတ်မှတ်ထားပြီး လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် လုပ်ဆောင်မည့်လုပ်ငန်းခွင်တွင် အနိမ့်ဆုံး အနေဖြင့် ဓာတုဗေဒဆိုင်ရာဘွဲ့ တစ်ခုခုရရှိထားသူကို တာဝန်ပေးအပ်ထားကြောင်း အထောက်အထားကို ပြသရန် လိုအပ်ပါသည်။

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်မှတားဆီးကာကွယ်ရေးအဖွဲ့များ

အဆိုပါဥပဒေအရ ဆက်လက်ပြီး စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး (၇.၆.၂၀၁၆)ရက်နေ့တွင် အဖွဲ့ဝင်(၂၁)ဦးပါဝင်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း

များအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ကိုလည်းကောင်း၊ (၄.၉.၂၀၁၈)ရက်နေ့တွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အဖွဲ့ဝင် (၂၇)ဦးပါဝင်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟို ကြီးကြပ်ရေးအဖွဲ့ကိုလည်းကောင်း၊ (၂၇.၁၂.၂၀၁၈) ရက်နေ့တွင် အဖွဲ့ဝင်(၁၉)ဦးဖြင့် နေပြည် တော် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့နှင့် အဖွဲ့ဝင်(၂၃)ဦးဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ကြီးကြပ်ရေးအဖွဲ့တို့ကိုလည်းကောင်း ဖွဲ့စည်း၍ ဓာတုပစ္စည်း နှင့်ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါ သည်။ ထို့အပြင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်မှတားဆီးကာကွယ်ရေး ပညာရပ် ဆိုင်ရာအဖွဲ့(၃၀)ဦးနှင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်မှတားဆီးကာကွယ်ရေး အကြံပေးအဖွဲ့(၂၆)ဦးတို့ကိုလည်း သင့်လျော်သည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြင်ဆင်ဖွဲ့ စည်း၍ လိုအပ်သည့် အကြံဉာဏ်နှင့် နည်းပညာများကို ထောက်ပံ့ကူညီ လျက်ရှိပါသည်။

## တားမြစ်ဓာတုပစ္စည်းများ (Prohibited Chemicals)

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့မှ သိပ္ပံ နည်းကျသုတေသနပြုလုပ်ခြင်းနှင့် ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ခြင်းတို့အတွက် နိုင်ငံတော် ကသာ ထုတ်လုပ်၊ သုံးစွဲ၊ တင်သွင်းခွင့်ရှိသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း (၆၅) မျိုးကို (၃၀.၆.၂၀၁၆) ရက်နေ့တွင် ပထမအကြိမ်နှင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း (၇၃)မျိုးကို (၉.၁၁.၂၀၂၀) ရက်နေ့တွင် ဒုတိယအကြိမ် တားမြစ်ဓာတုပစ္စည်းများ (Prohibited Chemicals) အဖြစ်ကြေညာခဲ့ပါသည်။ အဆိုပါ တားမြစ်ဓာတုပစ္စည်းစာရင်းတွင် ကမ္ဘာနိုင်ငံများစွာ ပါဝင်လက်မှတ် ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများဖြစ်သော Stockholm Convention ဖြင့် တားဆီးပိတ်ပင်ထားသည့် ပတ်ဝန်းကျင်ကို ဆိုးရွားစွာညစ်ညမ်းစေပြီး သဘာဝတွင် မပျောက်မပျက် ကြာရှည်တည်မြဲနေနိုင်သည့် အော်ဂဲနစ်ဓာတုပစ္စည်းများ (Persistent Organic Pollutants–POPs)၊ Rotterdam Convention အရ တားမြစ်ထားသည့် ပိုးသတ်ဆေးနှင့် စက်မှုလုပ်ငန်းသုံးဓာတုပစ္စည်း များ (Pesticide & Industrial Chemicals )၊ Vietnam Conventionအရတားမြစ်ခဲ့သည့် လေအေး ပေးစက်သုံးဓာတ်ငွေ့များ (CFCs)နှင့် Chemical Weapons Convention အရ ဓာတုလက်နက်တား ဆီးပိတ်ပင်ရေးအဖွဲ့က တားမြစ်ထားသည့် ဓာတုလက်နက်စာရင်းအုပ်စု(၁) (Schedule I Chemicals) တို့ပါဝင်ပါသည်။

## တားမြစ်ဓာတုပစ္စည်းနှင့် ပြစ်မှုပြစ်ဒဏ်များ

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၃ အရ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ကတားမြစ် ပိတ်ပင်ထားသည့် အဆိုပါဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော် စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ ဆောင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းတို့ကို မည်သူမျှ ပြုလုပ်ခွင့်မရှိ ကြောင်းနှင့် အဆိုပါပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ပုဒ်မ ၃၇ ဖြင့် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်

ခုနစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်းပါရှိပါသည်။

## ကန့်သတ်ဓာတုပစ္စည်းများ (Restricted Chemicals)

ဆက်လက်၍ (၃၀.၆.၂၀၁၆) ရက်နေ့တွင် လူသားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထူးထိန်းချုပ်ထားသော အန္တရာယ်ရှိသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း (၂၉)မျိုးကို ပထမအကြိမ် ကန့်သတ်ဓာတုပစ္စည်းနှင့် (၉.၁၁.၂၀၂၀) ရက်နေ့တွင် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း(၅၄)မျိုးကို ဒုတိယအကြိမ် ကန့်သတ်ဓာတုပစ္စည်း (Restricted Chemicals) အဖြစ် ထုတ်ပြန်ကြေငြာ၍ ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းတို့ကို ထိန်းချုပ်ကွပ်ကဲလျက်ရှိပါသည်။ အဆိုပါ ကန့်သတ်ဓာတုပစ္စည်းစာရင်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ပြုလုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ (Precursor Control Chemicals )၊ အိုဇုန်းလွှာထိခိုက်စေသော လေအေးပေးစက်နှင့် ရေခဲသေတ္တာသုံးဓာတ်ငွေ့များ (Ozone Depleting Substance–ODS)၊ ပိုးသတ်ဆေးဘုတ်အဖွဲ့မှ ကန့်သတ်ထားသော ပိုးသတ်ဆေးများနှင့် ရွှေသတ္တုတူးဖော်ရေးတွင် အဓိကအသုံးပြုသော အခြားဓာတုပစ္စည်းများဖြစ်သည့် မာကျူရီ (Mercury) နှင့် ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) တို့ ပါဝင်ပါသည်။

## ထိန်းချုပ်ဓာတုပစ္စည်းများ (Precursor Control Chemicals)

ကန့်သတ်ဓာတုပစ္စည်းများအနက်မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ (Precursor Control Chemicals) ကိုပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့ ဆောင်ရွက်မည်ဆိုပါက ဤဝန်ကြီးဌာန၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၌ လုပ်ငန်းလိုင်စင်နှင့် ဓာတုပစ္စည်းမှတ်ပုံတင်တို့ပြုလုပ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့ရှိ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တွင် ထောက်ခံချက် ရယူဆောင်ရွက်ရန် လိုအပ်ပါသည်။

## အိုဇုန်းလွှာထိခိုက်စေသော လေအေးပေးစက်နှင့် ရေခဲသေတ္တာသုံးဓာတ်ငွေ့များ (ODSs)

ထိုနည်းတူ အိုဇုန်းလွှာထိခိုက်စေသော လေအေးပေးစက်နှင့် ရေခဲသေတ္တာသုံးဓာတ်ငွေ့များ (ODS)များအား ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့ ဆောင်ရွက်မည်ဆိုပါက သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ တင်သွင်းမည့်ပမာဏနှင့် ထောက်ခံချက်ရယူရန် လိုအပ်ပြီး အကြီးစားနှင့် အလတ်စား ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အဓိကအသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide–NaCN) နှင့် တစ်နိုင်တစ်ပိုင်နှင့် အငယ်စား ရွှေတူးဖော်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် မာကျူရီ (Mercury–Hg) ကိုလည်း ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့ ဆောင်ရွက်မည်ဆိုပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့တို့တွင် ထောက်ခံချက် ရယူဆောင်ရွက်ရန်ဖြစ်သော်လည်း ဆိုဒီယမ်ဆိုင်ယာနိုဒ်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ထိန်းချုပ်ဓာတုပစ္စည်းစာရင်းတွင် ထည့်သွင်းလိုက်သဖြင့် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာနတွင် ထောက်ခံချက်ထပ်မံယူရမည်ဖြစ်ကြောင်းနှင့် ကန့်သတ်ပိုးသတ်ဆေးများကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့ ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပိုးသတ်ဆေးဘုတ်အဖွဲ့တွင် လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်နှင့် ထောက်ခံချက် ရယူဆောင်ရွက်ရန် လိုအပ်ပါသည်။

## ကန့်သတ်ဓာတုပစ္စည်းနှင့် ပြစ်မှုပြစ်ဒဏ်များ

ယင်းဥပဒေပုဒ်မ ၃၄ အရမည်သူမျှလိုင်စင်မရှိဘဲ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရနှင့် ပုဒ်မ ၃၅ အရ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သော သို့မဟုတ် အရည်အသွေး စံချိန်စံညွှန်းမမီသော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် သုံးစွဲခြင်း မပြုရဟုပါရှိပြီး မည်သူမဆိုပုဒ်မ ၃၄ နှင့် ၃၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပုဒ်မ ၃၈ တွင် ဖော်ပြထားပါသည်။

## သာမန်ဓာတုပစ္စည်းများ (Conditional Chemicals)

အထက်ဖော်ပြပါ တားမြစ်နှင့် ကန့်သတ်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများမှအပ ကျန်ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအားလုံးကို အများပြည်သူသာမန်သုံးစွဲရန် **သာမန်ဓာတုပစ္စည်း**များဟုသတ်မှတ်ထားပြီး ယင်းတို့နှင့်ပတ်သက်သည့် လုပ်ငန်းလုပ်ကိုင်လိုသူ လုပ်ငန်းရှင်များအနေဖြင့် ဓာတုပစ္စည်းကိုဖြစ်စေ၊ ဆက်စပ်ပစ္စည်းကိုဖြစ်စေ၊ သိုလှောင်ခြင်း၊ နည်းပညာအရပြုပြင်ခြင်း၊ စီးပွားရေးအလို့ငှာထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ရောင်းချခြင်းစသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်လိုသူ လုပ်ငန်းရှင်များ အနေဖြင့် သက်ဆိုင်ရာလိုင်စင်နှင့် ဓာတုပစ္စည်းမှတ်ပုံတင်လက်မှတ်ကို မဖြစ်မနေ ပြုလုပ်ရပါမည်။

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်းဆိုင်ရာအမိန့်

ဆက်လက်၍ စွန့်ပစ်ခြင်းလုပ်ငန်းလိုင်စင်နှင့် စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း လုပ်ငန်းလိုင်စင်တို့ထုတ်ပေးနိုင်ရေးအတွက် "ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းဆိုင်ရာအမိန့်" ကြော်ငြာစာနှင့် စွန့်ပစ်ခြင်းလုပ်ငန်းလိုင်စင်ရယူဆောင်ရွက်ရမည့် စွန့်ပစ်ပစ္စည်းအမျိုးအစားများ (Waste Codes) တို့ကို (၉.၃.၂၀၂၁)ရက်နေ့တွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာအမိန့်ညွှန်ကြားချက်များ

ထို့အပြင် ဤဥပဒေအရ ဓာတုပစ္စည်းအသုံးပြုသည့် စက်ရုံအလုပ်ရုံအချို့မှ ညစ်ညမ်းသည့် စွန့်ပစ်ရည်များကို စနစ်တကျ စွန့်ထုတ်နိုင်ရန်အတွက် "အရက်၊ ဘီယာနှင့် ဝိုင် ထုတ်လုပ်သည့်စက်ရုံများ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်"၊ "အမိုးနီးယားဓာတ်ငွေ့ အသုံးပြုသော ရေခဲစက်ရုံများနှင့်အအေးခန်းစက်ရုံများမှလိုက်နာဆောင်ရွက်ရန်"၊ "ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် အသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ ပြည်ပမှဝယ်ယူ တင်သွင်းခွင့်ဆိုင်ရာမူဝါဒ"၊ "ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများအသုံးပြုခြင်းနှင့် စပ်လျဉ်း၍လိုက်နာရမည့်အချက်များ" အား ထုတ်ပြန်သတိပေးနိုင်ခဲ့ပါသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပြုလုပ်ထားသည့် စက်ရုံအလုပ်ရုံများမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေဆိုး၊ အမှုန်အမွှားနှင့် မြေဆီလွှာပျက်စီးမှုတို့ကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည့် နည်းပညာအကူအညီနှင့် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ ထုတ်ပေးလျက်ရှိပြီး အရက်ချက်စက်ရုံနှင့် ဘီယာစက်ရုံများ၌ စွန့်ပစ်ရည်အရည်အသွေးအား အချိန်နှင့်တစ်ပြေးညီတိုင်းတာစောင့်ကြပ်ကြည့်ရှုသည့်စနစ် (Real-time Wastewater Online Monitoring System)တပ်ဆင်၍ ဤဝန်ကြီးဌာနမှ ထိန်းချုပ်ကွပ်ကဲခြင်းနှင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ထောက်ခံချက်၊ လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် အစီအစဉ်များကိုလည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်အတွက် အသိပညာပေးခြင်းနှင့် သင်တန်းများကို အခါအားလျော်စွာဆောင်ရွက်ပေးလျက်ရှိပါသည်။

## ဆက်သွယ်ဆောင်ရွက်ရန်ဌာနနှင့်ဖုန်းနံပါတ်များ

အချုပ်အနေဖြင့် ဤဝန်ကြီးဌာနမှ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့၏ကိုယ်စား Focal Ministry အဖြစ် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်အတွက် ကန့်သတ်နှင့် သာမန်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းအတွက် ထောက်ခံချက်များထုတ်ပေးခြင်းတို့ကို သတ်မှတ်ထားသော စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း နှင့် လိုအပ်ပါက ရုံးအမှတ်(၃၀)၊ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၅၂၃၁ နှင့် ၀၆၇-၃၄၀၅၃၂၄ တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ industry.mm @ gmail.com သို့ဖြစ်စေ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အခြားသိရှိလိုသည်များရှိပါက www.industry.gov.mm Website တွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေနှင့် ဆက်စပ်သည့်အကြောင်းအရာများကို လွှင့်ထူထားကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဒေါက်တာလပြည့်ခင်
(ကလောင်အမည်)

ဒေါက်တာခင်ပပစိုး
ဒုတိယညွှန်ကြားရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန
၀၉-၆၇၉၂၉၂၉၀၂/ ၀၉-၇၉၈၂၁၅၀၇၃
dr.kpapasoe@gmail.com

မြန်မာ့အလင်းသတင်းစာ (၂၁.၄.၂၀၂၃)